

မင်းခိုက်စိုးစန်

## အကယ်၍ သာ - ၁

အကယ်၍ သာ ...

သင်ဟာ ဘာသာတရားတစ်ခုခုကို ကိုးကွယ်ယုံကြည်သူ မဟုတ်ပါဘူး ဆိုပါစို့ ...

သေရေး ရှင်ရေး အ ဖြစ်အပျက်စ်ခုနဲ့ ကြုံရတဲ့အခါကျရင် ဆုတောင်းတာတို့၊ ဘုရားတတာတို့ သင်ပြုလုပ်လိမ့်မည် ထင်ပါသလား ။

အိမ်မက်လေး တစ်ခုအကြောင်း ပြောပြချင်ပါတယ် ။

တစ်ညမှာ လူ တစ်ယောက် ဟာ ထူးထူးဆန်းဆန်း အိပ်မက်တစ်ခု မက်သတဲ့ ၊ အဲဒီ အိပ်မက်ထဲမှာ သူဟာ ပင်လယ်ကမ်းစပ်တစ်ခုမှာ ရောက်နေပါတယ် ။ ပြီးတော့ သောင်ပြင်တစ်လျှောက် ဘုရားသခင်နဲ့ အတူ လမ်းလျှောက်နေတယ်လို့ ဆိုပါတယ် ။

သူ့ ဘဝတစ်လျှောက်လုံး ဖြတ်သန်းခဲ့သမျှ ခြေရာတွေ ဟာ သော င်ပြင်ပေါ်မှာ အစီလိုက် အတန်းလိုက် ထင်ကျန်ရစ်နေခဲ့တာကို မြင်ရတယ် ။

ဘဝမှာ ကြုံတွေ့ ခဲ့ရသမျှ အ ဖြစ်အပျက်အတိုင်းကို သဲသော င်ပြင်ပေါ်က ခြေရာတွေ က ကိုယ်စားပြုနေတာပါပဲ ။

ကျန်ရစ်ခဲ့တဲ့ ခြေရာတွေ ကို နောက်ပြန်လှည့်ကြည့်နေရင်းက ဖြုန်းကနဲဆိုသလို တစ်စုံတစ်ခုကို သူ သတိထားမိသွားတယ် ၊ အဲဒါ ကတော့ သူ့ အတိတ်ခြေရာတွေ နဲ ဘေးကပ်လျက်မှာ နောက်ထပ် ခြေရာအပိုတစ်စုံကို တွေ့ နေရလို့ ပါပဲ ။

ဒါနဲ့ သူဟာ ဘုရားသခင်ဘက်ကို လှည့်ပြီး မေးလိုက်တယ် ။

'ကျွန်တော့ ခြေရာဘေးက အတူလျှောက်လာခဲ့တဲ့ ခြေရာပိုင်ရှင်ဟာ ဘယ်သူလဲ'

ဘုရားသခင်က ပြန်ဖြေတယ်။

'အဲဒါ ငါ့ရဲ့ ခြေရာပဲလေ။ မင်းလျှောက်ခဲ့တဲ့ ဘဝခရီးတစ်လျှောက်လုံး မင်းဘေးနားမှာ ငါအမြဲပါနေခဲ့တာကိုး '

အဲဒီ အဖြေစကားကို ကြားလိုက်ရတဲ့ လူသားဟာ တစ်ခဏချင်းမှာ တော့ ပျော်သလိုလို ခံစားလိုက်ရသေးတယ်။ ဒါပေမယ့် အဲဒီ အပျော်ဟာ မိနစ်ပိုင်း အတွင်းမှာ ပဲ ပြန်ပျောက်ဆုံးသွားလေရဲ့။

ဘာ ဖြစ်လို့ လဲဆိုတော့ သူ့ ဘဝရဲ့ အရေး ကြီးတဲ့ အစိတ်အပိုင်းအချို့ကို ကိုယ်စားပြုတဲ့ နေရာတွေ မှာ ကျတော့ ခြေရာတစ်စုံတည်း အထီးကျန်စွာ ဖြတ်သန်းခဲ့ရတာ ကို တွေ့ လိုက်ရလို့ ပါ။

အဲဒီ အစိတ်အပိုင်းတွေ ဆိုတာကလည်း တခြားတော့ မဟုတ်ဘူး။ သူ့ ရဲ့ ဘဝထဲမှာ ဒုက္ခအရောက်ဆုံး၊ အဆင်းရဲ အကြမ်းတမ်းဆုံး၊ အန္တရာယ်အကြီးမားဆုံး ကျဉ်းထဲကျပ်ထဲရောက်ခဲ့ရတဲ့ အချိန်ကာလတွေ ဖြစ်နေတာကို တွေ့ လိုက်ရပါတယ်။

လူသားဟာ ဝမ်းနည်းပက်လက် ဖြစ်သွားပြီး ဘုရားသခင်ကို ထပ်ပြီး မေးခွန်းထုတ်လိုက်တယ်။

'အရှင် ... အရှင်ပြောတော့ ကျွန်တော် မျိုး လျှောက်ခဲ့တဲ့ ဘဝခရီး တစ်လျှောက် ကျွန်တော် မျိုး ရဲ့ ဘေးနားမှာ အမြဲလိုက်ပါနေခဲ့တယ်ဆို။ ဒါပေမယ့် ကျွန်တော် မျိုး ဘဝရဲ့ ဒုက္ခဆင်းရဲအရောက်ဆုံး အချိန်တွေ မှာ ကျတော့ ခြေရာတစ်စုံတည်းပဲ ကျန်ရစ်နေတာကို တွေ နေရပါလား။ ကျွန်တော် မျိုး အတွက် အားကိုးရာ အလိုအပ်ဆုံးအချိန်မှာ အရှင်က လျစ်လျူရှု ပစ်ခွာထားရက်တယ် နော် '

ဘုရားသခင်က ခေါင်းကို ညင်ညင်သာသာပဲ ခါယမ်းတယ်။ ပြီးတော့ ...

'မင်း မှား နေပြီ ငါ့သား၊ ငါဟာ မင်းကို ဘယ်တုန်းကမှ စွန့် ပစ်မထားခဲ့ပါဘူး၊ မင်းဘဝရဲ့ ဒုက္ခတွေ၊ အန္တရာယ်တွေ ကြုံနေချိန်မှာ ခြေရာတစ်စုံတည်းကို တွေ့ ရလို

အထင်မလွဲပါနဲ့ ကွာ ။ မြင်နေရတဲ့ ခြေရာဟာ ငါ့ရဲ့ ခြေရာပါ ၊ မင်းကိုယ်တိုင်ရဲ့ ခြေရာကိုတော့ မတွေ့ရဘူးပေါ့ ၊ ဘာ ဖြစ်လို့ လဲ ဆိုတော့ အဲဒီ အချိန်တုန်းက မင်းကို ငါ့ရင်ခွင်ထဲမှာ ပွေ့ချီသယ်ပိုးလာခဲ့တာကိုး ။'

ယုံကြည်ကိုးကွယ်မှုကို အားကိုး အားထားပြုချင်တဲ့ သူတွေ အတွက်တော့ ဒါဟာ ကြည်နူးစရာအိပ်မက်တစ်ခု (ဒါမှမဟုတ်) မျှော်လင့်စရာ အလင်းရောင် တစ်ခု ဖြစ်ပါလိမ့်မယ် ။

ဒါပေမယ့် ဒါဟာ ကျွန်တော့် အတွက်တော့ အကြီးအကျယ် အခမ်းနားဆုံး စိန်ခေါ်ခံရတဲ့ 'မေးခွန်း' တစ်ခုပါ ။

ဟုတ်တယ် ... ကျွန်တော် စဉ်းစားကြည့်မိတယ် ။

'ကျွန်တော် တို့ ဟာ ဒုက္ခဆင်းရဲနဲ့ ကြုံတွေ့ရတဲ့အခါကျရင် ဘုရားသခင်က ပွေ့ချီသွားတာကို ခံမလား ၊ ဒါမှမဟုတ် အဲဒီ ဒုက္ခမီးကျီးခဲတွေ ပေါ်ကို ကိုယ့်ခြေထောက်နဲ့ ကိုယ် ရဲရဲဖြတ်လျှောက်ကြမလား '

ဆိုတာပါပဲ ။

*

## အကယ်၍ သာ - ၂

အကယ်၍ ....

သင်ဟာ ဆယ်ကျော်သက်အရွယ်လူငယ်တစ်ယောက် ဆိုပါစို့ ။

သင့်ရဲ့ ဘဝမှာ နောက်ထပ် (၁၅) နှစ် လုံးလုံး ပျော်ချင်သလို ပျော်ရမယ်၊ နေချင်သလို နေရမယ်၊ လိုချင်တာတွေ အားလုံးပြည့်စုံမယ်။

ဒါပေမယ့် (၁၅) နှစ် ပြည့်တာနဲ့ တစ်ပြိုင်နက် သေဆုံးရမယ်ဆိုရင် သင် ... လက်ခံမှာ လား။

ဒါမှမဟုတ် ...

သင် ... နေချင်သလောက် အသက်ရှည်ရှည် နေရမယ်၊ ဒါပေမယ့် နေ့တိုင်းစိတ်ညစ်စရာ တစ်ခုမဟုတ် တစ်ခုနဲ့ ကြုံနေရမယ်ဆိုပါစို့။

ဘယ်ဟာကို သင်ရွေးချယ်မှာ လဲ။

ဒီမေးခွန်းဟာ လူ့ ဘဝရဲ့ ရှင်သန်မှုနဲ့ ပတ်သက်လို့ သင်ဘာကို တန်ဖိုးထားလဲဆိုတာ ဆန်းစစ်ကြည့်လိုက်တဲ့ သဘောပါပဲ။

ကိုယ်လုပ်ချင်တာလုပ်၊ ကိုယ်ထင်ရာစိုင်းပြီး သေဆုံးပစ်လိုက်မှာ လား။

အချိန်တွေ အကြာကြီး ကမ္ဘာမြေပေါ်မှာ နေထိုင်ပြီးမှ သေဆုံးချင်တာလား။

သင် ...

ဘယ်လို သေဆုံးချင်ပါသလဲ။

ကျွန်တော် ကတော့ လူ တစ်ယောက် ရဲ့ ရှင်သန်မှုအကြောင်းလေး မဆွေးနွေးခင် ခွေးတစ်ကောင်ရဲ့ ရှင်သန်မှုအကြောင်းလေး နည်းနည်း ပြောပြ ချင်ပါတယ်။ အဲဒီ ခွေးအကြောင်း အက်ဆေးလေးကို ရေး ခဲ့သူ ကတော့ lou Kassem ဖြစ်ပါတယ်။

အ ဖြစ်အပျက် ကတော့ စာရေး သူတို့ ရဲ့ အိမ်တံခါးဝကို ဘယ်ကဘယ်လို ရောက်လာမှန်းမသိတဲ့ ခွေးတစ်ကောင်က ကုတ်ခြစ်ပြီး တအီအီအသံပေး နေရာက

စတင်တာပါပဲ ။

အိမ်တံခါးကို ဖွင့်လို က်လို့ အဲဒီ ခွေးကလေးကို တွေ့လိုက်တဲ့ အခါ မေမေက ...

'ခွေးကလေးက သနားတော့ သနားစရာကွယ် ၊ ဒါပေမယ့် ညစ်ပတ်နံစော်နေတာပဲ '

'သား ... ဒီခွေးလေးကို မွေးထားချင်တယ်မေမေ'

အသက်ရှစ်နှစ် အရွယ်သာရှိသေးတဲ့ စာရေး သူရဲ့ ညီကလေး ဂျွန်က ပူဆာလိုက်တယ် ။

ဖေဖေ ကတော့ ...

'မမွေးပါနဲ့ သားရယ် ၊ ခွေးက ဘာအမျိုး အစားမှန်းလည်းမသိ ၊ မွေးထားပြီး ကြီးပြင်းကာမှ အကျင့်မကောင်းရင် ဒုက္ခ ၊ သား ခွေးမွေးချင်တယ်ဆိုရင် တခြားခွေးလှလှလေးတစ်ကောင် ဖေဖေရှာ ဝယ်ပေးပါမယ် '

'ဟင့်အင်း ... ဟင့်အင်း .... သားဒီခွေးလေကိုပဲ လိုချင်တယ် ၊ သူ့ကို သားရေချိုး ပေးလိုက် ရင် လှသွားမှာ ပါ ဖေကြီးရယ် ၊ နံလည်း နံတော့မှာ မဟုတ်ပါဘူး ၊ တကယ်ပြောတာ ၊ သားဒီခွေးလေးကို ချစ်လို့ပါ ဖေကြီးရယ် '

ညီလေး 'ဂျွန်' ဟာ ငယ်ငယ်ကတည်းက ချူချာတဲ့ ရောဂါ သည် ကလေးပါ ။ သူမှာ သွေးမတိတ်တဲ့ ရောဂါ လည်းရှိပါတယ် ။ လွန်ခဲ့တဲ့ လေးနှစ် လောက်တုန်းက အာသီးရောင် တာကို ခွဲစိတ်ထုတ်ထူးရာက သွေးမတိတ်တော့လို့ သေလုနီးနီး ဖြစ်လိုက်ပါသေးတယ် ။ တစ်ခါတည်း ပစ်လိုက် ရပြီအောက်မေ့တာ ၊ ကံကြီးပေလို့ ပေါ့ ။

နောက်ဆုံးမှာ တော့ ဂျွန်ရဲ့ အလိုကို အားလုံးက လိုက်လျောပြီး ခွေးကလေးကို မွေးခွင့်ပြုလိုက်ရပါတော့တယ် ။ ဂျွန်က သူ့ရဲ့ခွေးကလေးကို 'သံချောင်း' လို့ နာမည် ပေးလိုက်တယ် ။ ခွေးရဲ့ အမွေးအရောင် က သံချေးရောင် ညိုညစ်ညစ်ကိုး ။

ဒီလိုနဲ့ ဖိုးသံချောင်းဟာ ကျွန်တော် တို့ အိမ်မှာ တဖြည်းဖြည်း ကြီးပြင်းလာခဲ့ပါတော့တယ် ။ မိသားစုဝင်အားလုံးထဲမှာ တော့ ဂျွန်ကို သူအချစ်ဆုံးပဲ ။ (သူ သခင်မှန်း သိတယ်ထင်ပါရဲ့)

ဖိုးသံချောင်းဟာ ဂျွန်သွားလေရာနောက်ကို တကောက်ကောက် လိုက်တယ် ။ ကျောင်းပိတ်ရက်တွေ မှာ ဆိုရင် မိုးလင်းက မိုးချုပ်အထိ အိမ်ဘေးကကွက်လပ်ထဲမှာ လုံးထွေးနေအောင် ဆော့ကစားကြတယ် ။ ကျောင်းဖွင့်ရက် ဆိုရင်လည်း မနက်ပိုင်းမှာ ဂျွန် တစ်ယောက် ကျောင်းကိုသွားပြီဆိုရင် ခွေးကလေး ဖိုးသံချောင်းလည်း ဂျွန်နဲ့ အတူ အပြေးကလေး လိုက်ပါသွားတတ်တယ် ။ ကားမှတ်တိုင် လေးငါးတိုင်အကွာလောက်အထိ လိုက်သွားပြီး အိမ်ကို ပြန်လာတတ်တယ် ။

ညနေဆိုရင်လည်း သုံးနာရီထိုးတာနဲ့ တစ်ပြိုင်နက် ခြံတံခါးဝမှာ ထိုင်လို အမြီးကလေး တနံ့နံ့လှုပ်ယမ်းဂိုင်း ကျောင်းက ပြန်လာမယ့် ဂျွန်ကို စောင့်ကြိုနေတော့တာပဲ ။

ခွေးတစ်ကောင်ရဲ့ အသိဉာဏ်ဟာ သိပ်ကို အံ့သြဖို့ကောင်းပါတယ် ။ (တကယ်တော့ ဒါဟာ ‘အသိဉာဏ်’ ဟုတ်ချင်မှ ဟုတ်မှာ ပါ ။ အာရုံခံစား မှုနဲ့ သိနေခြင်းတစ်မျို း ဖြစ်ပါလိမ့်မယ် ။)

ဘာကြောင့် လဲဆိုတော့ ခွေးကလေး ဖိုးသံချောင်းဟာ ဂျွန်နဲ့ ကစားတဲ့ အခါတိုင်းမှာ ဂျွန့် ကို ထိခိုက်ဒဏ်ရာမရအောင် သေသေချာချာ ဂရုစိုက်တတ်တယ်ဆိုတာ တွေ လာရလို့ ပဲ ။ (ဂျွန့် မှာ သွေးမတိတ်တဲ့ ရောဂါ ရှိလို့ ဒဏ်ရာရလို့ မ ဖြစ်ဘူးဆိုတာကို သူဘယ်လိုသိနေသလဲ ။စာရေး သူတို့ တစ်အိမ်သားလုံး ဂျွန်အနာတရ ဖြစ်မှာ စိုးလို ပိုးမွေးသလို မွေးနေတယ်ဆိုတာ ခွေးတစ်ကောင်အနေနဲ့ အရိပ်အကဲကြည့်ပြီး နားလည်နေသလိုမျိုး ပါပဲ) ။

ဖိုးသံချောင်းဟာ သူ့ ကြောင့် ဂျွန် တစ်ယောက် အနာတရမ ဖြစ်အောင် ဂရုစိုက်ရုံတင်မကဘူး တခြားသူတွေ တစ်စုံ တစ်ယောက် လုပ်လိုက်လို့ ဂျွန့်မှာ

သွေးထွက်သံယို ဖြစ်မှာ ကိုလည်း စိုးရိမ်တကြီး ကာကွယ်ပေးတတ်ပါတယ် ။

ဂျွန်နဲ့ သူ့ ရဲ့အတန်းဖော်သူငယ်ချင်း ဘော့(ပ်) တို့ ဟာ အိမ်ဘေးကကွပ်လပ်ထဲမှာ အမြဲလိုလို နပန်းလုံးတမ်း ကစားလေ့ရှိကြပါတယ် ။ဒါကို မျက်ခြေမပျက် စောင့်ကြည့်တတ်သူ ကတော့ ခွေးကလေး ဖိုးသံချောင်းပါပဲ ။

နပန်းလုံးကြရင်း ဘော့ပ်က တွန်းလိုက် တိုက်လိုက်လို့ ဂျွန် တစ်ယောက် မြေပေါ်ကို ဘုန်းခနဲ လဲကျပြီဆိုတာနဲ့ တပြိုင်နက် ခွေးကလေး ဖိုးသံချောင်းဟာ အရှိန်နဲ လွှားခနဲ ခုန်ဝင်ပြီး ဘော့(ပ်)ကို သူ့ တစ်ကိုယ်လုံးနဲ့ ပစ်တိုက်ပစ်လိုက်တော့ပါပဲ ။ နောက်ထပ် ဂျွန်ကိုအနာတရမ ဖြစ်အောင် မလုပ်နိုင်အောင်လို့ သူက ဝင်ပြီး ကာကွယ်ပေးတာပေါ့ ။

သူတို့ အဲဒီ လို နပန်းလုံးတာမြင်တိုင်း မေမေက အမြဲဆူလေ့ရှိပါတယ်။

'ဟဲ့ မတော် တဆ ပွန်းပဲ့ကွဲပြဲကုန်ရင်ဖြင့် ခက်ရချည့်ရဲ့ဟယ် ၊ ဂျွန်ကလည်း ကိုယ့်အကြောင်း ကိုယ်သိမှပေါ့ ။ ပြီးတော့ ဖိုးသံချောင်းကလည်း ကြားကဝင်ဝင်ပြီး အနာခံနေရတာ သူ့ ခမျာ သနားပါတယ် '

အဲဒီ လို တားမြစ်တာမျိုး ကို ဂျွန် ကတော့ သဘောမကျပါဘူး ။(သူ့ ကို ရောဂါ သည် တစ်ယောက် လို သဘောထားပြီး တသီးတသန့် ခွဲခြားဆက်ဆံတာကို ဂျွန်က မကြို က်တာပါ )

ဂျွန်က ...

'မေမေကလည်း ဒါ ကစားတာပဲဥစ္စာ ဘာမှမ ဖြစ်ပါဘူး ၊ သံချောင်းရေ ဟုတ်တယ် မဟုတ်လား ၊ကစားရတာ ပျော်တယ်မဟုတ်လားကွ'

ဖိုးသံချောင်း ကတော့ အမြီးလေးတနံ့နံ့ လှုပ်ယမ်းရင်း တောက်ပကျေနပ်တဲ့ မျက်ဝန်းအစုံနဲ့ ဂျွန့် ကို မော့ကြည့်နေတော့တာပဲ ။

တစ်နေ့ မှာ တော့ ဂျွန်ဟာ ကျောင်းကပြန်လာပြီးတာနဲ့ သူ့ ရဲ့စက်ဘီးလေးကို

ထုတ်ယူပြီး ရပ်ကွက်တစ်ပတ် စက်ဘီးလျှောက်နင်းပါတယ်။

ထုံးစံအတိုင်း ဖိုးသံချောင်းကလည်း စက်ဘီးကလေးဘေးက ပြေးကာလွှားကာ ခုန်ကာ ပေါက်ကာနဲ့ လိုက်လို့ ပေါ့။ ခါတိုင်းလည်း ဒီလိုပါပဲ၊ စက်ဘီးပတ်စီးရင် ဖိုးသံချောင်းဟာ ဘေးကလိုက်နေကျပဲ။

ဒါပေမယ့် ဒီနေ့ကျမှ ဂျွန်ဟာ ဘာစိတ်ကူးပေါက်လဲမသိဘူး။ လမ်းဆုံအရောက်မှာ ထုံးစံအတိုင်း လက်ဝဲဘက်ကို ကွေ့မယ်လုပ်ပြီးမှ ဆတ်ကနဲ ညာဘက်ကို ချိုး ချလိုက်တယ်။

ကံဆိုးချင်တော့ ကုန်တင်ထရပ်ကားကြီးတစ်စင်းဟာ ဂျွန်ကို ကျော်တက်ဖို့ ရုတ်တရက် အရှိန်ကိုမြှင့်ပြီး တည့်တည့်ကြီး တိုးဝင်လာရော။

အ ဖြစ်အပျက်က မြန်ဆန်လွန်းပါတယ်။

ဂျွန်ဟာ ကြောက်စိတ်ကြောင့် ဘာလုပ်ရမှန်းမသိဘဲ နောက်ပြန် လှည့်ဖို့ကြိုးစားရင်း ဖြုန်းခနဲ စက်ဘီးရော လူပါ လဲကျသွားတယ်။ လမ်းမပေါ်မှာ ကန့်လန့် ...။ ကုန်တင်ကားကြီးရှေ့ကို လည်စင်းပေးလျက်သား။

ထရပ်ကားမောင်းသူက ကပျာကယာ ဘရိတ်ကို အုပ်တယ်။

အဲဒီ အချိန်မှာ သံချေးရောင် ညိုမြမြခန္ဓာကိုယ်တစ်ခုဟာ လွှားခနဲ ခုန်ဝင်ပြီး လဲကျနေတဲ့ ဂျွန်ရဲ့ရှေ့က မားမားရပ်လို့ အကာအကွယ်ပေးလိုက် တဲ့အခါ ...

“ဒန်း” ခနဲ၊ “ကျွီ” ခနဲ ...

တိုက်မိသံတွေ၊ ဘရိတ်ဖမ်းသံတွေ ဆူညံသွားတယ်။

နောက်ဆုံးတော့

ဂျွန် တစ်ယောက် ဟာ ဘာမှ အနာတရမ ဖြစ်ခဲ့ပေမယ့် ခွေးကလေး ဖိုးသံချောင်း ကတော့ သွေးအိုင်ထဲမှာ အသက်ပျောက်သွားခဲ့ပါပြီ။

ဂျွန် ကတော့ ငိုရှိုက်လို့ မဆုံးဘူး ။

"သား လဲကျသွားတော့ သူ့ စိတ်ထဲမှာ ဒါကို နောက်ထပ်ကစားနည်း တစ်ခုလို ထင်သွားပုံရတယ် ။ သူ .... သူဟာ သားကို ဒဏ်ရာမရအောင် ကာကွယ်ရင်း သေသွားတာ ဒါ သားအပြစ်ပါပဲ "

ဖေဖေ ကတော့ နှစ် သိမ့်တယ် ။ ဖိုးသံချောင်းနဲ့ ဂျွန်တို့ နှစ် ဦးတည်း အစအဆုံးကစားသွားတဲ့ ကစားနည်းဟာ "ချစ်ခြင်းမေတ္တာ" ဆိုတဲ့ ကစားနည်းလေးပါပဲတဲ့ ။

သူတို့ နှစ် ယောက် လုံး အကောင်းဆုံး ကစားသွားနိုင်ခဲ့ပါတယ် ။

ခွေးတစ်ကောင်တောင်မှ မေတ္တာတရားအတွက် အသက်စွန့် ရဲသေးတယ် မဟုတ်လား ၊ ကျွန်တော် တို့ လူသားတွေ ကကော ...

အကယ်၍ ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော် ဒီလိုစဉ်းစားကြည့်မိတယ် ။

ထင်ရာစိုင်းနိုင်တဲ့ အခွင့်အရေး တွေ နဲ့ ပဲ အသက်ရှင်ရရှင်ရ

ဒုက္ခတွေ နဲ့ ပဲ အသက်ရှင်ရ ... ရှင်ရ

ဘယ်လို နှစ် ကာလအပိုင်းအခြားနဲ့ပဲ အသက်ရှင်ရပါစေ

"ချစ်ခြင်းမေတ္တာတရား" နဲ့သာ ရှင်သန်နေထိုင်သွားမယ်ဆိုရင် တစ်ရက်တည်း အသက်ရှင်ရရင်လည်း ထိုက်တန်ပါတယ်လို့ ပြောချင်ပါတယ် ။

*

အကယ်၍ ...

သင့်မျက်နှာ တစ်ခုလုံးဟာ ပုံပျက်ပန်းပျက် အရုပ်ဆိုးသွားမယ် ။ ဒါပေမယ့် အဲဒီလို အ ဖြစ်ခံရတဲ့အတွက် အချည်းနှီးတော့ မ ဖြစ်စေရဘူး ။ သင်ပြန်လည်ရရှိရမယ့် ရလာဒ်က သင့်ရဲ့ ဉာဏ်ရည်ဉာဏ်သွေးဟာ "လေးဆ" တက်ပြီး ထူးချွန်ထက်မြက်လာမယ် ။

အဲဒါဆိုရင် သင့်ဉာဏ်ရည်ထက်ဖို့ အတွက် သင့်မျက်နှာကို အရုပ်ဆိုးခံမှာ လား ။

လောကကြီးမှာ တချို့က ဉာဏ်ရည်ဉာဏ်သွေး ထူးချွန်ထက်မြက်ဖို အဓိကလိုအပ်တယ်လို့ ယူဆကြတယ် ။ တချို့ကကျတော့ ရုပ်ရည်ချောမော လှပဖို အလေးနက်ထားကြပြန်ရော ။

တချို့ကျတော့ ပစ္စည်းဥစ္စာကြွယ်ဝမှုကို လိုအပ်လိမ့်မယ် ။ တချို့ ကတော့ နာမည်ကျော်ကြားမှုကိုပဲ ဦးတည်ချက်ထားကြပါလိမ့်မယ် ။

ဒါဖြင့် ရင် တကယ်တမ်းလိုအပ်တာဟာ ဘာလဲ ?

ဘဝဆိုတာ ကျွန်တော် တို့ ဘယ်ရှုထောင့်ကကြည့်ပြီး တိုင်းတာကြမှာ လဲ ?

ခေတ်အဆက်ဆက်မှာ အတွေ းအခေါ်ပညာရှင်တွေ ဟာ အဲဒီ အဖြေကို ရှာဖွေခဲ့ကြတယ် ။နိုင်ငံရေး သမားတွေ ကလည်း လူနေမှုစနစ်အမျိုး မျိုး ကို တည်ဆောက်ခဲ့ကြတယ် ။

ဒါပေမယ့် ...

ကျွန်တော် ကတော့ ပုံပြင်လေးတစ်ပုဒ်ပဲ ပြောပြချင်ပါတယ် ။

ဟိုး ရှေးရှေးတုန်းကပေါ့ ။

တိရစ္ဆာန်တွေ ရဲ့ လောကမှာ ဖားဟာ အတွေ းအခေါ် ပညာရှင်ဆိုပဲ ။ တစ်နေ့ မှာ

ဖားဟာ တောထဲမှာ လျှောက်သွားရင်း လောကကြီးရဲ့ အလှတရားတွေ သစ္စာတရားတွေ ကို တွေ းတော ဆင်ခြင်ကြည့်နေပါသတဲ့ ။

အဲဒီ အချိန်မှာ ပဲ ဖားဟာ ပြုန်းဆို ကင်းခြေများ တစ်ကောင်ကို တွေ့ လိုက်ရတယ် ။

ဖားဟာ အံ့သြတစ်ကြီးနဲ့ ကင်းခြေများ ရဲ့ လှုပ်ရှားသွားလာပုံကို ငေးကြည့်နေမိတယ် ။ ဘာ ဖြစ်လို့ လဲဆိုတော့ ကင်းခြေများ မှာ ခြေထောက်တွေ ရာနဲ့ ချီပြီးရှိတာကိုး ။

အဲဒီ ခြေထောက်တွေ အားလုံးက ရှေ့ကိုရွေ့ တဲ့ ခြေထောက်တွေ က ရွေ့ နေတယ် ၊ နောက်ကို ကန်တဲ့ ခြေထောက်က ကန်နေတယ် ။ လှမ်းတဲ့ခြေထောက်ကလည်း လှမ်းနေတုန်း ။

ကင်းခြေများ ရဲ့ တစ်ကိုယ်လုံး ကတော့ ရှေ့ကိုမှန်မှန်ပဲ ရွေ့ လျားနေတယ် ။

ဖားဟာ အဲဒီ ခြေထောက်တွေ ရဲ့ အလုပ်လုပ်ပုံကို ကြည့်ပြီး အံ့သြနေမိတယ် ။ ကင်းခြေများ ဟာ သူ့ ရဲ့ ဒီလောက်များ ပြားလှတဲ့ ခြေထောက်တွေ ကို ဘယ်လိုလုပ်ပြီး စီမံခန့် ခွဲပါလိမ့် ။

ဒါနဲ့ ဖားဟာ ကင်းခြေများ ကို ရပ်တန့် ခိုင်းပြီး ...

“ဒီမှာ ဒီမှာ ခဏလောက် နေစမ်းပါဦး ၊ ကျွန်တော် မေးချင်တာလေးတစ်ခုရှိလို ပါ ”

ကင်းခြေများ က ...

“ဗျာ ဘာများ သိချင်လို့ လဲ”

တွေ းခေါ် ပညာရှင်ကြီး ဖြစ်တဲ့ ဖားက ...

“ဒီလိုဗျာ ကျွန်တော့် ကို တစ်ခုရှင်းပြစမ်းပါ ။ ခင်ဗျားလမ်းသွားတဲ့ အခါ ဘယ်ခြေထောက်ကို အရင်လှမ်းပြီးမှ နောက်ထပ်ဘယ်ခြေထောက်ကို လှမ်းတာလဲ ၊

ခြေထောက်တွေ ကို ဘယ်လို အစီအစဉ်ခွဲပြီး သတ်မှတ်ထားသလဲဗျာ”

အဲဒီ လို မေးလိုက်တဲ့အခါ ကင်းခြေများ ဟာ ခဏတွေ သွားပြီး ...

“နေပါဦးဗျာ ၊ ကျွန်တော် မွေးကတည်းက ဒီအတိုင်းပဲ လျှောက်လာတာ ၊ ခင်ဗျားမေးတဲ့မေးခွန်းကို တစ်ခါမှ မစဉ်းစားကြည့်ဖူးဘူး ”

“နည်းနည်း လောက် စဉ်းစားကြည့်ပေးပါလား ကိုကင်းခြေရယ် ၊ ကျွန်တော့် တွေ းခေါ်မှုပညာအတွက် အရမ်းလိုအပ်နေလို့ ပါ”

ဖားကတောင်းပန်တော့ ကင်ခြေများ က ...

“ကောင်းပြီလေ”

လို့ ပြောရင်း သူ့ ခြေထောက်တွေ ဆီကို အာရုံပြုရင်း ခြေလှမ်းဖို့ ကြိုး စားတယ် ။ လမ်းလျှောက်ကြည့်တဲ့အခါ ဘယ်ခြေထောက်တွေ ကအရင် ၊ ဘယ်ခြေထောက်တွေ က နောက်ဆိုတဲ့ အစီအစဉ်ကို သတိပြုမိအောင်ပေ့ါ ။

ဒါပေမယ့် သူ့ ခြေထောက်တွေ က ရာနဲ့ ချီပြီးရှိတာ မဟုတ်လား ။

မရပါဘူး ။

ကင်းခြေများ က သူ့ ခြေထောက်တွေ ဆီကို အာရုံညွတ်လိုက်တာနဲ့ တစ်ပြို င်နက် လုံးဝလမ်းလျှောက်လို့ မရတော့ဘူး ။

အားထုတ်ရလွန်းလို့ ချွေးသာ တပေါက်ပေါက် စီးကျလာတယ် ။ နေရာ ကတော့ လုံးဝ မရွေ့ လျားတော့ပါဘူး ။

နောက်ဆုံးမှာ တော့ ကင်းခြေများ ဟာ လက်လျှော့ အရှုံး ပေးလိုက် ပြီး ...

“တော် ပါပြီ ကိုဖားရယ် ၊ မစဉ်းစားပါရစေနဲ့ တော့ ။ မစဉ်းစားခင်တုန်းက ရွေ့ လျားနေတော့ ဘာပြဿ နာမှမရှိဘူး ။စဉ်းစားခြင်းဟာ ရွေ့ လျားမှုကို သတ်လိုက်တာပဲ ။ ကျု ပ် ခင်ဗျာကို တစ်ခုပဲတောင်းပန်ချင်တယ် ။ နောက် တခြားကင်းခြေများ တွေ ကို ဒီမေးခွန်း

မမေးပါနဲ့ ဆိုတာပဲဗျာ ”

ဘဝဆိုတာ ရွေ့လျားမှုပါ ။

အဲဒါကို တွေးခေါ်မှုစနစ်ဘောင်တစ်ခုထဲထည့်ပြီး ကန့်သတ်လို့ မရပါဘူး ။ ဘယ်ဟာက အရင် ဘယ်ဟာကနောက်လို့ တစ်သမတ်တည်း အစီအစဉ်ဆွဲလို့ မရပါဘူး ။

ဘယ်ဟာကို အဓိကဦးစားပေးရမယ် ၊ ဘယ်ဟာကို ဦးစားမပေးရဘူးဆိုတဲ့ ပုံစံသေ စဉ်းစားမှုနဲ့ ဘဝရဲ့ ခြေလှမ်းတွေ ကို စောင့်ကြပ်ဖို့ မ ဖြစ်နိုင်ဘူး ။

ကင်းခြေများ ရဲ့ ခြေထောက်တွေ ဟာ ဟန်ချက်ညီညီ ရွေ့လျားနေကြတယ် ။ အဲဒါဟာ စနစ်မဟုတ်ပါဘူး ။ ဝါဒမဟုတ်ပါဘူး ။ အတွေးအခေါ်မဟုတ်ပါဘူး ။

သဘာဝပါ ။

ဘဝဆိုတာ ဟန်ချက်ညီဖို့ ပဲ အဓိကကျပါတယ် ။